**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# အကျဉ်းသား ၁၀၂ ဦးလွတ်ပေးခြင်းအပေါ် သဘောထားကြေညာချက်

ရက်စွဲ ----- ၂၂ ဇန်နဝါရီလ ၂၀၁၆

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အကျဉ်းသား ၁၀၂ ဦးအား နိုင်ငံတော် အစိုးရမှ ပုဒ်မ ၄၀၁(၁) ဖြင့် လွှတ်ပေးခဲ့ကြောင်းသိရှိရသည်။ လွှတ်ပေးခဲ့သည့် အကျဉ်းသားများထဲတွင် ယခုအချိန်(၂း၃၀ နာရီ) အထိ နိုင်ငံရေးအကျဉ်းသား ၅၂ ဦးသာ ပါဝင်သေးကြောင်းသိရှိရသည်။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာသည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးအတွက် လုပ်ဆောင်ရင်း အမှုရင်ဆိုင်နေရသူ ၄၀၈ ဦးတို့မှာ လွတ်မြောက်ခြင်းမရှိသေးသည့်အတွက် မိမိတို့အနေဖြင့် များစွာ စိုးရိမ်ပူပန်မိပါသည်။ အထူးသဖြင့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုဆန္ဒပြခဲ့ကြသော ကျောင်းသားများနှင့် ဝန်းရံပြည်သူများကို အကြမ်းဖက် ရိုက်နက်ဖြိုခွဲပြီး ပုဒ်မပေါင်းမြောက်များစွာဖြင့် တရားစွဲဆို၍ တနှစ်ကျော်ကြာ တရားရင်ဆိုင်နေရသည်မှာ ဥပဒေစိုးမိုးမှုမဟုတ်ဘဲ ရန်လိုသည့် သဘောသက်ရောက်နေပေသည်။ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ထဲတွင် ထိုပုဒ်မများဖြင့် တရားစွဲဆိုထားသော သူများအား လွှတ်ပေးနိုင်သည့်အခွင့်အာဏာရှိပါသည်။ လွှတ်ပေးခဲ့သည့်သာဓကလည်း ရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ သမ္မတလက်မှတ်ဖြင့် ထုတ်ပြန်ကြေညာသော ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်တွင် ကျောင်းသားများအား တရားစွဲဆိုထားသော ပုဒ်မအများစုကို တရားရင်ဆိုင်နေရစဉ်ကာလတွင် လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ ၁၀၂ ဦးအားလွှတ်ပေးခဲ့သော်လည်း မကြာသေးခင်ရက်ပိုင်းအတွင်းက ဦးဂမ္ဘီရ (ခ) ညီညီလွင် အား ပြန်လည်ဖမ်းဆီးတရားစွဲဆိုခဲ့ပြီး ယနေ့တွင်လည်း တပ်မတော်အကြီးအကဲ၏ ဂုဏ်သိက္ခာကိုကျဆင်းစေမှုဖြင့် ဦးပက်ထရစ်ခွန်ဂျာလီအား ထောင်ဒဏ် (၆) လ ချမှတ်ခဲ့ပေသည်။

ယခုတကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအား နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပြန်ထားသည်ကို မတွေ့ရှိရသေးပေ။

သမ္မတ ဦးသိန်းစိန်၏ အစိုးရသက်တမ်း ကုန်ဆုံးခါနီးပြီဖြစ်ပြီး အဆင်ပြေချောမွေ့စွာ အာဏာလွှဲပြောင်းရေးအတွက် ပြင်ဆင်နေချိန်တွင် ယခုကဲ့သို့ နိုင်ငံရေးအကျဉ်းသား အနည်းစုကိုသာ လွှတ်ပေးခြင်းမှာ အစိုးရသည် နိုင်ငံရေးအကျဉ်းသားများအပေါ် အာဃာတ များ ဆက်လက်ထား ရှိဆဲဖြစ် သည်ကို ညွှန်ပြနေပြီး ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေးအပေါ် ပြည်သူတို့၏ သံသယ စိတ်များပိုမို များပြားလာမည်ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေးသည် မြန်မာနိုင်ငံရှိ ပြည်သူအားလုံးက လိုလားတောင်းဆိုနေသာ အကြောင်းအရာတခုဖြစ်ပြီး နိုင်ငံတကာမှလည်း လိုလားတောင်းဆိုလျှက်ရှိပေသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်းတွင် အမေရိကန် ဒုတိယ နိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်းကို ထောက်ပြပြောဆိုသွားပါသည်။

ထို့ကြောင့် အမျိုးသားရင်ကြားစေ့ရေးအတွက်၊ အဆင်ပြေချောမွေ့စွာ အာဏာလွှဲပြောင်းရေးအတွက် ပြည်သူများ မျှော်လင့်တောင်းဆိုနေသော နိုင်ငံရေးအကျဉ်းသားများအားလုံးနှင့် နိုင်ငံရေးအရ အမှုရင်ဆိုင်နေရသူ အားလုံးကို အမြန်ဆုံးလွှတ်ပေးပါရန် မိမိတို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ အလေးအနက် တိုက်တွန်းတောင်းဆိုလိုက်ပါသည်။


နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

တိတ်နိုင်    အတွင်းရေးမှူး    +၆၆(၀) ၈၁၂၈ ၇၈ ၇၅၁

ဘိုကြည်    တွဲဘက်အတွင်းရေးမှူး    +၉၅(၀) ၉၄၂၅၃ ၀၈၄၄၀

၂၂ ဇန်နဝါရီ ၂၀၁၆ လွှတ်မြောက်လာသူများစာရင်း

| စဉ် | အမည် | ထောင်ဝင်အမှတ် | အဖအမည် | ပုဒ်မ | ပြစ်ဒဏ် | အဖွဲ့အစည်း | ထောင်အမည် | နေရပ် | အဖမ်းခံရက်စွဲ | လိင် |
|---|---|---|---|---|---|---|---|---|---|---|
| 1 | ဦးဥာဏ (ခ) မိုးပြာဆရာတော် | မကန/၁၀/၀၀၆၁၇/က | ဦးမြင့် | ၂၉၅၊၁၀၊ ၁၂၁၃၊ ၆ | ၂၀ နှစ် | ဘုန်းကြီး | မြစ်ကြီးနား | မ/ဥက္ကလာ၊ ရန်ကုန် | ၆ ဇန်နဝါရီ ၁၀ | ကျား |
| 2 | စိုးလွင် | | | ၁၇/၁ | | | မြစ်ကြီးနား | | | ကျား |
| 3 | ကျော်ဆန်း | ပမ/၁၅/၀၀၆၅၆/အေ | ဦးမြဆွေ | ၁၈ | ၄လ | အရပ်သား | ပြည် | ပြည် | ၁၃-နိုင်ဝင်ဘာ-၂၀ | ကျား |
| 4 | ဝဏ္ဏ | ပမ/၁၅/၀၀၆၅၇၈/အေ | ဦး ညွန့်လှိုင် | ၁၈ | ၄လ | အရပ်သား | ပြည် | ပြည် | ၁၃-နိုင်ဝင်ဘာ-၂၀ | ကျား |
| 5 | မောင်မောင်တိုး (ခ) တိုးကြီး | ပမ/၁၅/၀၀၆၅၈/အေ | ဦးတာက်တိုး | ၁၈ | ၄လ | အရပ်သား | ပြည် | ပြည် | ၁၃-နိုင်ဝင်ဘာ-၂၀ | ကျား |
| 6 | ဘမြင့် | အစ/၁၅/၀၁၇၇၉/အေ | ဦးဘစိန် | (၁၈)၊ (၁၈)၊ (၁၈)၊ (၁၈)၊ (၁၈)၊(၁၈)၊ (၁၈)၊ | ၁လ ၊၃လ၊ ၃လ၊ ၃လ၊ | [illegible] | အင်းစိန် | ရန်ကုန် | ဖေဖော်ဝါရီ-၁၅-၂ | ကျား |
| 7 | ဌေးအောင် | အန်/အေ | အန်/အေ | ၁၈)၊ (၁၈)၊ (၁၈) | ၃လ၊၄လ၊၄လ၊ | တက်ကြွလှုပ်ရှ | အင်းစိန် | ရန်ကုန် | ၂၉-ဇပရယ်-၂၁၅ | ကျား |
| 8 | စိုးဇော် | အန်/အေ | အန်/အေ | ၁၈)၊ (၁၈)၊ | ၄လ၊၄လ၊ | အရပ်သား | အင်းစိန် | ရန်ကုန် | ၁၉-ဇန်နဝါရီ-၂၀၁ | ကျား |
| 9 | နိုင်ရဲဝေ | N/A | ဦးကျော်ဝင်း | 18, 143, 505(b), 18 | ၃လ၊၃လ၊ ၆လ+၃လ | [illegible] | အိုးဘို | မန္တလေး | ၁-ဇူလိုင်-၁၅ | ကျား |
| 10 | နောင်နောင် | အစ/၁၄/၀၉၅၁၉/က | ဦးစိုးမြင့် | 505(b)/39, 18, 18 | ၂နှစ် ၄လ+ ၄လ | အန်/အေ | အင်းစိန် | ရန်ကုန် | ၈-ဇူလိုင်-၁၄ | ကျား |
| 11 | ပဲပဲ (ခ) ရဲကျော်သူ | ပမ/၁၅/၀၀၁၇၃/က | ဦးထွန်းတင် | 505 (b) | ၁နှစ် နှင့် ၆လ | [illegible] | ပြည် | ပြည် | ၂၃-ဧပြီ-၁၅ | ကျား |
| 12 | နေလင်းစိုး (ခ) ဗိုးစနေ | | ဦးနိုင်လင်း | 18, 505 (b) | ၂ နှစ် ၇လ | တက်ကြွလှုပ်ရှာ | အင်းစိန် | တောင်ဒဂုံ | ၂၇-နိုဝင်ဘာ-၁၄ | ကျား |
| 13 | ဒေါ်ရီဝင်း (မ) | N/A | ဦးဘလွန်း | ၁၄၃၊ ၁၈၈ | ၁ နှစ် ၆လ+၁၀ လ | လွှေလုပ်သား | တောင်ငူ | မန္တလေး | ၂၀ မေ ၁၄ | မ |
| 14 | ဒေါ်ရီမြင့် (မ) | N/A | ဦးထိုက် | ၁၄၃၊ ၁၈၈ | ၁ နှစ် ၆လ+၁၀ လ | လွှေလုပ်သား | မိတ္ထီလာ | မန္တလေး | ၂၀ မေ ၁၄ | မ |
| 15 | မျိုးတင့် | N/A | ဦးချစ်မင်း | ၁၄၃၊ ၁၈၈၊ ၅၀၅(ခ)၊ ၅၀၆၊၂ | ၁ နှစ်၆ လ+ ၁၀+၁ နှ | လွှေလုပ်သား | တောင်ငူ | မန္တလေး | ၂၀ မေ ၁၄ | ကျား |
| 16 | သန်းထိုက်ဦး (ဒေါက်တာ) | N/A | ဦးမြင့်သိန်း | ၂၀(၁၉၆၂)၊(၅၀၀( အမှု, (၃ | ၄နှစ် | ပြည်သူ့ဒီမိုကရေ | ပုတာအို | မန္တလေး | ၃၀ ဧပြီလ ၁၄ | ကျား |
| 17 | ကျော်ထွန်းနိုင် | ရဘ/၁၄/၀၀၆၈၄/အေ | ဦးကျော်ဝင်း | ၄၂၇X ၁၂ | ၃နှစ် | လယ်သမား | တောင်ငူ | ကန့်ဘလူ | ၁၇-ဇူလိုင်-၁၄ | ကျား |
| 18 | ဝင်းနိုင်ဦး | အန်/အေ | ဦးကျော်မောင် | ၄၄၇ | ၂၂လ | လယ်သမား | ညောင်ဦး | ကျောက်ပန်းတော | ၁-ဇပရယ်-၁၅ | ကျား |
| 19 | ဖွဲ့မြတ်ဟိန်းမာန် | အန်/အေ | ဦးသောင်းရင် | ၄၄၇ | ၁၉လ | လယ်သမား | ညောင်ဦး | ကျောက်ပန်းတော | ၁-ဇပရယ်-၁၅ | ကျား |
| 20 | စောမောင်ကြီး | ဘအ/၁၅/၀၀၈၃၃/က | ဦးကြာဖိုင် | ၁၇/၁ | ၂နှစ် | ၈၈ မျိုးဆက် ကေ | ဘားအံ | ကရင်ပြည်နယ် | ၇-ဩဂုတ်-၁၅ | ကျား |
| 21 | စောအယ်ဆေး | ဘအ/၁၅/၀၀၆၀၆/က | အန်/အေ | ၁၇/၁ | ၂နှစ် | DKBA | ဘားအံ | ကရင်ပြည်နယ် | ၈-ဩဂုတ်-၁၅ | ကျား |
| 22 | စောသိန်း (မ) | အန်/အေ | ဦးထွေးမောင် | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | မ |
| 23 | အေးမြင့် (မ) | အန်/အေ | ဦးကျော်ရှိန် | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | မ |
| 24 | ဒေါ်ပု (မ) | အန်/အေ | ဦးဘိုးကြိုင် | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | မ |
| 25 | သန်းရွှေ (ခ) မအိ | အန်/အေ | ဦးဘို | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | မ |
| 26 | တင်စိုး (မ) | အန်/အေ | ဦးမောင်သန်း | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | မ |
| 27 | လှရီ (မ) | အန်/အေ | ဦးထွန်းသန်း | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | မ |
| 28 | စိန်ခင်(မ) | အန်/အေ | ဦးထိုက်စိန် | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | မ |
| 29 | မျိုးချစ် | အန်/အေ | ဦးမောင်ညို | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | ကျား |
| 30 | ဘိုသိန်း | အန်/အေ | ဦးအောင်တင် | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | ကျား |
| 31 | ထွန်းထွန်းဝင်း | အန်/အေ | ဦးစိန်ဝင်း | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | ကျား |
| 32 | သန်းစိန် | အန်/အေ | ဦးမောင်တင် | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | ကျား |
| 33 | မင်းကိုကို | အန်/အေ | ဦးမြင့်သန်း | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | ကျား |
| 34 | အောင်မင်းကျော် | အန်/အေ | ဦးမျိုးအောင် | ၁၈၊ ၆၈ | ၄လ၊ ၃လ | အရပ်သား | အင်းစိန် | ရန်ကုန် | ၂၆-ဖေဖော်ဝါရီ-၁ | ကျား |
| 35 | စောကီဒိုး (ခ) စောစီးခ | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 36 | ကိုကျော်ကွီး | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 37 | ကိုမြင့်ဦး | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 38 | ဦးစိုးနိုင် | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 39 | စောငွေထွန်း (ခ) ကီပလို | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 40 | လီထုံး | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 41 | ဦးကျော်ကီအဲ(ခ) သူရိန် | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 42 | မဲကနော် (ခ) မောင်ဝင်း | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 43 | ဖာ့ခဲ (ခ) စိုးဝင်း | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 44 | လီတာခုံး (ခ) ရဲထက်အောင် | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 45 | ဖာဒီး (ခ) ကျော်သန့်ဇင် | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 46 | အဲဂေ | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 47 | စောဝင်းကြည်(ခ) ကရင်လေး | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 48 | စောဒီး | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 49 | စောမျိုးဦး (ခ) ဖာကွီးမဲ | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 50 | ဦးဇော်မင်းထွန်း(ခ) မွန်လေး | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 51 | ဦးဝင်းကြည်(ခ) ဖာတလေး | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |
| 52 | စောဘိုသန်း(ခ) ထောဘန | အန်/အေ | | ၁၇/၁ | | | ဖားအံ | ကရင်ပြည်နယ် | | ကျား |